မစ်ရှယ်လ်ရော်ဘင်ဆိုသည့် မိန်းကလေးတစ်ဦး၏ငယ်ဘဝ၌ ချီကာဂိုတောင်ပိုင်းသည် သူမ၏ကမ္ဘာဖြစ်သည်။ ထိုနေရာတွင်သူမနှင့်အစ်ကိုဖြစ်သူ ခရိတ်တို့မှာ အိပ်ခန်းတစ်ခုတည်း အတွင်း၌ အိပ်ကြရသည်။ မိသားစုနေထိုင်ရာအခန်းမှာ အပေါ်ထပ်တွင်ဖြစ်ပြီး ကစားလိုပါက ပန်းခြံထဲ၌ သွားကစားရသည်။ ဖခင်ဖရေဇာနှင့် မိခင်မာရီယန်တို့က သူ့အား ပွင့်ပွင့်လင်းလင်း ပြောတတ်စေရန်နှင့် မကြောက်တတ်စေရန် သင်ကြားပေးထားကြသည်။ သူမဘဝသည် မျှော်မှန်းသည်ထက် များစွာမြင့်တက်သွားတော့ မှန်များသော တပ်ဆင်ထားသော အထပ်မြင့် ဥပဒေအကျိုးဆောင်ရုံး၏ အခန်းတစ်ခန်းထဲ၌ သူတစ်ဦးတည်းသာ လူမည်းအမျိုးသမီး တစ်ယောက်ဖြစ်နေသည်ကို ပထမဆုံးအကြိမ်အဖြစ် တွေ့လိုက်ရသည်။ ထိုရုံးခန်းသို့ တစ်ခုသောနွေရာသီနံနက်ခင်းတွင် ဘားရက်အိုဘားမားအမည်ရှိ ဥပဒေကျောင်းသား တစ်ဦး ရောက်လာခဲ့သည်။ ထိုသူက သူမနှစ်ရှည်လများ သတိထား၍ချထားခဲ့သော အစီအစဉ်တို့ကို ပျက်ပြားစေတော့၏။

ဤစာအုပ်တွင် ပထမဆုံးအကြိမ်အဖြစ် မစ်ရှယ်လ်အိုဘားမားက အိမ်ထောင်ကျစ ပထမနှစ်များတွင် အလုပ်နှင့်မိသားစုဘဝ မျှတအောင်ကြိုးစားကာ ခင်ပွန်းသည်လုပ်လိုသောနိုင်ငံရေးသမား ဘဝကိုလည်းဖြည့်ဆည်းရပုံများကို ဖော်ပြထားသည်။ သူမက စာဖတ်သူအား ခင်ပွန်းသည်က သမ္မတရွေးကောက်ပွဲဝင်မည်ဟု ပြောကြားသည့်အချိန်၌ အငြင်းအခုံ ပြောရပုံများ၊ သူမထင်ပေါ်လာပုံများ၊ သို့သော်ခင်ပွန်းသည်၏ စည်းရုံးရေးပွဲ၌ သူမအား ဝေဖန်ကြပုံများကိုလည်း ဖော်ပြထားသည်။ ဇာတ်ကြောင်းပြန်ပြောပြနေသော သူမသည် သိမ်သိမ်မွေ့မွေ့ ပြောကြားနေရင်း ဟာသစွက်ပြောသည်လည်းရှိသည်၊ ထို့ပြင်မရေမတွက်နိုင်သည့် ထူးခြားသော အဖြစ်အပျက်များစွာတို့၏ နောက်ကွယ်မှအဖြစ်အပျက်များ၊ သူမမိသားစုတို့ မထင်မရှားရှိခဲ့ရာက တစ်ကမ္ဘာလုံး အာရုံစူးစိုက်ခံရသည့်အနေအထားသို့ ရောက်ရှိလာပုံ၊ အိမ်ဖြူတော်တွင် နေထိုင်ခဲ့ရသည့် ရှစ်နှစ်တာကာလ၊ သူ့တိုင်းပြည် အကြောင်း သူသိလာပုံ၊ တိုင်းပြည်က သူ့အားသိလာပုံတို့ကိုလည်းတင်ပြထားသည်။

ဖြစ်တည်ခြင်း က ကျွန်တော်တို့အား အိုင်အိုဝါ၏ မီးဖိုဆောင်မှသည် ဘာကင်ဟမ်နန်းတော်ကြီး၏ ကပွဲဆောင်သို့လည်းကောင်း၊ နှလုံးသွေးရပ်မတတ် ခံစားရသော ဝမ်းနည်းကြေကွဲဖွယ်ရာများကိုလည်းကောင်း ဖော်ပြထားပြီး၊ သူမ၏ခွန်အားနှင့် ဩဇာတို့ကိုစံနစ်တကျ သုံးစွဲသွားပုံများကိုလည်း ဖော်ပြထားသည်။ သူမက ဇာတ်ကြောင်းပြန်ပြောပြရာတွင် ရိုးသားသည်၊ ရဲရင့်သည်။ ကျွန်တော်တို့အား စိန်ခေါ်ထားသည်များ လည်းပါဝင်သည်။ ကျွန်တော်တို့က မည်သူတွေပါလဲ။ ဘာတွေဖြစ်ချင်ခဲ့ကြတာလဲ။

## မစ်ရှယ်လ်ရော်ဘင်ဆင် အိုဘားမား

သည် အမေရိကန်ပြည်ထောင်စု၏ သမ္မတကတော်အဖြစ် ၂၀၀၉ခုနှစ်မှ ၂၀၁၇ ခုနှစ်အထိတာဝန် ထမ်းဆောင်ခဲ့သည်။ ပရင်စတန် တက္ကသိုလ်နှင့် ဟားဗတ်ဥပဒေ သင်တန်းကျောင်းတို့မှ ဘွဲ့ရခဲ့သူ တစ်ဦးဖြစ်ပြီး ချီကာဂိုမြို့၏ ဥပဒေအကျိုးဆောင်လုပ်ငန်း တစ်ခုဖြစ်သော ဆစ်ဒလီနှင့် အော်စတင်တွင် ရှေ့နေတစ်ဦးအဖြစ် စတင်တာဝန်ထမ်းဆောင်ခဲ့သည်။ ထိုသို့ တာဝန်ထမ်းဆောင်နေချိန်မှာပင် နောင်တွင် ခင်ပွန်းဖြစ်လာမည့် ဘားရက်အိုဘားမားနှင့် စတင်ဆုံစည်းခဲ့သည်။ ထို့နောက် သူသည် ချီကာဂိုမြို့တော်ဝန်၏ရုံး၊ ချီကာဂိုတက္ကသိုလ်၊ ချီကာဂိုတက္ကသိုလ်ဆေးရုံတို့တွင် တာဝန်ထမ်းဆောင်ခဲ့သည်။ မစ္စစ်အိုဘားမားသည် ချီကာဂို၏ စာမျက်နှာသစ်ဖြစ်သော ပြည်သူ့မဟာမိတ် အဖွဲ့ကိုတည်ထောင်ခဲ့သည်။ ထိုအဖွဲ့က လူငယ်များကိုပြည်သူ့ဝန်ထမ်းဖြစ်လာစေရန်စွမ်းဆောင်ပေးခဲ့သည်။

အိုဘားမားမိသားစုတို့သည် လောလောဆယ်တွင် ဝါရှင်တန် ဒီစီမြို့၌ နေထိုင်လျက် ရှိကြပြီး မလီယာနှင့် ဆာရှာအမည်ရှိ သမီးနှစ်ဦး ရှိကြသည်။

BECOMINGMICHELLEOBAMA.COM

Jacket photograph: Miller Mobley

ကျွန်မ မသိသည့် အမေရိကန်ပြည်ထောင်စုနှင့်ပတ်သက်သော၊ ဘဝနှင့်ပတ်သက်သော၊ အနာဂတ်တွင် ဘာဖြစ်မည်ဆိုသော အချက်အလက်များစွာ ရှိပါသေးသည်၊ သို့သော် ကျွန်မအကြောင်းကိုမူ ကျွန်မသိပါသည်၊ ကျွန်မဖခင်ကအလုပ်ကိုကြိုးကြိုးစားစား လုပ်ရန်၊ မကြာခဏ ရယ်မောရန်၊ ကတိတည်ရန် သင်ကြားပေးခဲ့သည်။ ကျွန်မမိခင် မယ်ရီယန်ကလည်း ကိုယ့်ကိုယ်ကိုတွေးခေါ်တတ်စေရန်၊ ကိုယ့်ဩဇာကိုမည်သို့သုံးရန်တို့ သင်ကြားပေးခဲ့ပါသည်၊ ချီကာဂိုတောင်ပိုင်း ကြပ်ကြပ်တည်းတည်း အခန်းကျဉ်းကလေးထဲတွင် အတူတကွနေထိုင်ကြရင်း မိဘ နှစ်ပါးက ကျွန်မတို့ဘဝ၏ တန်ဖိုးကိုနားလည်စေသည်။ ကျွန်မ ဘဝတန်ဖိုးကိုသိစေခဲ့သည်။ ပို၍ကျယ်ပြန့်သော ကျွန်မတို့နိုင်ငံ၏ တန်ဖိုးကိုသိစေခဲ့၏။ ထိုအကြောင်းအရာတို့သည် ပြီးပြည့်စုံခြင်းမရှိ၊ မလှမပ ဖြစ်ကောင်းဖြစ်နိုင်ပါသည်။ သို့သော် ဖြစ်စေချင်သည်ထက် ပိုမိုမှန်ကန်ပါသည်။ ကိုယ့်ဘဝဇာတ်ကြောင်းဆိုသည်မှာ ကိုယ်ပိုင်ဖြစ်၍ ထာဝရဖြစ်တည်နေမည်သာ ဖြစ်ပါသည်၊ ထိုအရာသည် ကိုယ်ပိုင်ဆိုင်သော အရာတစ်ခုသာဖြစ်တော့သည်။

– မိတ်ဆက်အမှာစကားမှကောက်နုတ်ချက် –

*'အမေရိကန်ပြည်ထောင်စု သမ္မတကတော်ဟောင်းတစ်ဦး၏*
*ရိုးရှင်းသော၊ဆွဲဆောင်မှုရှိသော၊စိတ်ဝင်စားဖွယ်ကောင်းသော*
*ဘဝမှတ်တမ်း'*